# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# ၁၁ ရက်မြောက်နေ့အစီအစဉ်
# [ ၃၀–၁–၂၀၁၃ ] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ်မြို့နယ်၊ မြို့နယ် သမဝါယမ ဦးစီးဌာနရုံး ပြန်လည်ဆောက်လုပ်ခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( ခ ) ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် အကြောင်းအရာ ၂ ခု** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( ဂ ) ဦးအေးမောက်၊ မလှိုင် မဲဆန္ဒနယ်၏ **သူဌေးရေအားလျှပ်စစ်စီမံကိန်း ဆိုင်ရာ ရှေ့အလားအလာများ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **HIV ရောဂါတွေ့ရှိသူများအား လူမှုရေးအသင်းအဖွဲ့များမှ ပြုစုစောင့်ရှောက်မှုများကို စနစ်တကျတိုးချဲ့ဆောင်ရွက်ရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( င ) ဦးအောင်ကျော်ခင်၊ ကျောက်တန်း မဲဆန္ဒနယ်၏ **ကျောက်တန်းမြို့နယ်၊ မီးပြစ်ပြကျေးရွာ အုပ်စုအတွင်းရှိ တိုက်နယ်ဆေးရုံအား အသစ်ပြန်လည်တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ**နှင့် စပ်လျဉ်းသည့် မေးခွန်း။

( စ ) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ **မန္တလေးဆေးတက္ကသိုလ် ပညာသင်ယူခွင့် ရပ်စဲခြင်းခံရသော ကျောင်းသား/ ကျောင်းသူများအား ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများအား ဖြေလျှော့၍ ဆေးတက္ကသိုလ် (မန္တလေး)သို့ ဆေးပညာပြန်လည် သင်ယူခွင့်ပြုရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **" မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၇။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ တင်သွင်းသော **" မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ဖတ်ကြားရှင်းလင်းခြင်း။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က **" မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေကြမ်း"** ကို လွှတ်တော်တွင် ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၂ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။